ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့**
**(၂၂.၆.၂၀၂၀)ရက်နေ့တွင် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်**
**ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသည့်**
**အဆိုဆိုင်ရာဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက အဆို တစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စု တို့အားပေါင်း၍ မိုင်းလီ ကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်း ကြောင်း”** အဆိုဖြစ်ပါတယ်။ ယခု ဦးညီညီ(ခ) ဦးညီလေးချမ်းက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။

ပထမဦးစွာ **“ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာ အုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ Power Point အသုံးပြုခွင့်ရန် တင်ပြအပ်ပါတယ်။

ဒါကတော့ မိုင်းအင်ကျေးရွာမှ ကြိုဆိုပါသည်ဆိုတဲ့ နေရာမှာ မိုင်းအင်မြို့မှ ကြိုဆိုပါ၏ ပြောင်းလဲနိုင်ရန်အတွက် လွှတ်တော်သို့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ ပင်းတယ- ရပ်စောက်သွားတဲ့ ကားလမ်းမကြီး၏ဘေးမှာ ဒီရွာကလေးတွေ တည်ရှိပါတယ်။ လမ်းရဲ့ ဘေးဝဲ/ ယာမှာဆိုရင် လယ်ကွက်များကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင် ကျေးရွာအနီး မှာရှိတဲ့ ဇော်ဂျီမြစ်ချောင်းဖြစ်ပါတယ်။ အဲ့ဒီဇော်ဂျီမြစ်ကနေပြီးမှ ရေပေးယူ လုပ်ရန်အတွက် လမ်းဘေး ဝဲ/ ယာ လယ်ယာစိုက်ခင်းများကိုလည်း အင်းငယ်ရဲ့ ဇော်ဂျီ မြစ်ချောင်း ဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင်မြို့ရဲ့ အခြေပညာအထက်တန်းကျောင်း ဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင်ရဲ့ တိုက်နယ်ဆေးရုံဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင်ရဲ့ မီးသတ်ဦးစီးဌာန ဖြစ်ပါတယ်။ ဒါကတော့ မိုင်းအင်မှာ နေ့စဉ်ပြေးဆွဲနေတဲ့ မိုင်းအင်-

သပြေကုန်း- ဘော်ဆိုင်း- တောင်ကြီးကားလိုင်း ဝန်းဖြစ်ပါတယ်။ ဒါကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရဲစခန်းဖွင့်လှစ်ရန်အတွက် နေရာသတ်မှတ်ထားသည့် နေရာဖြစ်ပါတယ်။ ဒါကတော့ ၂၀.၆.၂၀၂၀ ရက်နေ့က ကျွန်တော်နှင့် အတူပဲ ရှမ်းပြည်နယ်အထွေထွေဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဦးကိုကိုအောင်နဲ့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံများနှင့်အတူ မိုင်းအင်ရွာ ဧရိယာ မြို့ဖြစ်ရေးအတွက် လာရောက်လေ့လာကွင်းဆင်းနေရခြင်း ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမယ်ဆိုရင် လူဦးရေအားဖြင့် ဆက်လက်တင်ပြရမယ်ဆိုရင် မိုင်းလီကျေးရွာအုပ်စုတွင် မိုင်းအင်ကျေးရွာအပါအဝင် ရွာပေါင်း(၁၆)ရွာ ဖြင့်ဖွဲ့စည်းထားပြီး၊ အိမ်ထောင်စုပေါင်း (၁၁၄၀)၊ လူဦးရေ(၆၀၀၀)ဦးခန့်နေထိုင်လျက်ရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စုနှင့် ဆက်စပ်လျက်ရှိသောရွာမှာ အင်းငယ်ကျေးရွာအုပ်စု ဖြစ်ပါတယ်။ အင်းငယ်ကျေးရွာအုပ်စုမှာ ရွာပေါင်း (၇)ရွာ၊ အိမ်ထောင်စုပေါင်း (၆၀၆)၊ လူဦးရေ (၃၁၀၀) ဦးခန့် ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာအုပ်စု(၂)ခုပေါင်း လူဦးရေမှာ (၉၁၀၀)ခန့်ရှိပြီး၊ အိမ်ထောင်စုပေါင်းမှာ (၁၇၄၆)ခန့်ရှိပါတယ်။ အဆိုပါကျေးရွာများမှာ ဓနု၊ ပအိုဝ်း၊ အင်းသား၊ ဗမာ၊ နီပေါ( ဂေါ်ရခါး)လူမျိုးများလည်း နေထိုင်ကြပါတယ်။

စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ တင်ပြရမယ်ဆိုရင် မိုင်းလီကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများသည် တောင်သူလယ်သမားအများစုဖြစ်ပြီး လယ်စပါးကို အဓိကသီးနှံအဖြစ်စိုက်ပျိုးပါတယ်။ လယ်စပါးစိုက်ကေမှာ (၂၉၆၇) ကေရှိပြီး စပါးတင်း (၂၅၂၁၄၁)တင်းခန့်ထွက်ပါတယ်။ ပင်းတယမြို့နယ်အတွက် များစွာအထောက်အကူ ပြုလျက်ရှိပါတယ်။ အခြားသီးနှံဖြစ်သည့် ပြောင်းဖူး၊ ဆီထွက်နေကြာ၊ ပန်းနှမ်းများကိုလည်း စိုက်ပျိုးကြပါတယ်။ အစေ့ထုတ်ပြောင်း စိုက်ကေ (၂၃၅၀)ရှိပြီး အထွက်တင်း (၁၀၇၇၀၈)တင်း ဖြစ်ပါတယ်။ သီးနှံအထွက်ကောင်း၍ စီးပွားရေး အဆင်ပြေသော ကျေးရွာ ဖြစ်ပါတယ်။ နွား၊ ကျွဲ စားကျက်မြေများလည်း ရှိပါတယ်။ ဒါ့အပြင် အင်းငယ်ကျေးရွာအုပ်စုကလည်းပဲ လယ်စပါး၊ အခြားသီးနှံများကို များစွာစိုက်ပျိုး လျက်ရှိပါတယ်။

ဈေးအနေနဲ့ ပြောရမယ်ဆိုရင် မိုင်းအင်ဈေးနေ့မှာ (၅)ရက်တစ်ကြိမ်ဖြစ်သော်လည်း ဈေးနေ့မဟုတ်သည့်ရက်များ ဈေးအတွင်း အရောင်းအဝယ်ပြုလုပ်ကြပါတယ်။ မိုင်းအင်ကျေးရွာသည် မြောက်ဘက်တွင် အင်းငယ်ကျေးရွာအုပ်စု၊ တောင်ဘက်တွင် ပင်ပျော်ကျေးရွာ

အုပ်စုနှင့် တောင်ရှည်ကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားများသည် မိုင်းအင်ဈေးသို့ လာရောက်ပြီး စိုက်ပျိုးရေးထွက်ကုန်များကို ပြည်နယ်များသို့ တင်ပို့ရောင်းချ ခြင်းဖြစ်ပါတယ်။

မိုင်းအင်ဈေး၏ အကျယ်မှာ (၁.၅)ဧကခန့်ရှိပြီး ဈေးဆိုင်ခန်းပေါင်း(၆၀)ခန့် ရှိပါတယ်။ ဈေး၏ ပတ်ဝန်းကျင်မှာ အိမ်ဆိုင်များ၊ စားသောက်ဆိုင်များရှိပါသဖြင့် မြို့အင်္ဂါရပ်နှင့် ပြည့်စုံသည်ဟု ယူဆရပါတယ်။ ဆန်စက်ငယ်၊ ဆီစက်ငယ်များလည်း ဈေး၏အနီးမှာ ရှိပါတယ်။

လျှပ်စစ်မီးအနေနဲ့ မိုင်းအင်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၁၆)ရွာရှိသည့်အနက် မိုင်းအင်ကျေးရွာအပါအဝင် ကျေးရွာ(၁၀)ရွာသည် လျှပ်စစ်မီးရရှိပြီး ဖြစ်ပါတယ်။ ကျန်ရှိသည့် ကျေးရွာ(၆)ရွာမှာလည်းပဲ (NEP) ဘတ်ဂျက်ဖြင့် ဆောင်ရွက်ဆဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းအင် ကျေးရွာဟာ လျှပ်စစ်မီးရရှိပြီး ဖြစ်ပါသဖြင့် မြို့အဖြစ်သတ်မှတ်နိုင်ရန်အတွက် အထောက်အကူ ဖြစ်စေမည်ဟု ယူဆရပါတယ်။ အင်းငယ်ကျေးရွာအုပ်စု အင်းငယ်ကျေးရွာ တွင် လမ်း၊ လျှပ်စစ်မီး များလည်းရှိပြီး ဖြစ်ပါတယ်။

မိုင်းအင်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ခုနှင့် ကျေးလက် ကျန်းမာရေး ဌာနခွဲများလည်းရှိပြီးဖြစ်ပါတယ်။ အင်းငယ်ကျေးရွာအုပ်စုတွင် ကျန်းမာရေးဌာနခွဲများလည်း ရှိပြီးဖြစ်ပါတယ်။

အားကစားကွင်းအနေနဲ့ မိုင်းအင်ကျေးရွာတွင် ဘောလုံးကွင်း ပြုလုပ်နိုင်ရန်အတွက် မြေ(၇)ဧက ရွေးချယ်လျာထားပြီး ဖြစ်ပါတယ်။ အင်းငယ်ကျေးရွာမှာ ဘောလုံးကွင်းလည်းရှိပြီး ဖြစ်ပါတယ်။

မိုင်းအင်ကျေးရွာမှာ အရန်မီးသတ်ဦးစီးဌာနလည်း ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

ရဲစခန်းပြုလုပ်ရန်အတွက် မြေနေရာလည်း လျာထားပြီးလည်း ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးသော ရွာကလေး ဖြစ်ပါတယ်။

ရေရရှိရေးတွင် မိုင်းအင်ကျေးရွာအနီးမှ အမြဲစီးဆင်းနေသည့် ဇော်ဂျီမြစ်ချောင်းနှင့် နီးခြင်း၊ မိုင်းအင်လက်ရိုက်ဆည်၊ အိုးကုန်းလက်ရိုက်ဆည်များ ရှိနေ၍ မြို့ဖြစ်ပါက ရေအတွက် ပူပင်သောက ရောက်စရာမလိုပါဘူး။ ရေပို/ ရေလျှံများရရှိနိုင်သောကြောင့် အင်းငယ်ကျေးရွာ အုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့ကို ပေါင်းစပ်ပြီး မိုင်းလီကျေးရွာအုပ်စု မိုင်းအင်ကျေးရွာကို မြို့အဖြစ်သတ်မှတ်ပါက မြို့အင်္ဂါနှင့် ညီညွတ်သည်ဟု ယူဆပါတယ်။ အင်းငယ်ကျေးရွာအုပ်စု

ကုဘ်ကြီးသဘာဝရေထွက်ရှိပြီး၊ ရွာသုံးရွာ ရေရရှိသည့်အပြင် လယ်စပါးစိုက်ရန်အတွက်ပါ အသုံးပြုလျက်ရှိပါတယ်။

မြို့တိုးချဲ့ရေးတွင် မိုင်းအင်မြို့ဖြစ်ပြီး မြို့တိုးချဲ့ပါက မိုင်းအင်ကျေးရွာသည် မြေပြန့်အနေအထားဖြစ်ပြီးအရပ်လေးမျက်နှာဘက်သို့ တိုးချဲ့ရန်အတွက် မြေနေရာများ လုံလောက်စွာ ရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စု ပင်ပျော်၊ တောင်ရှည်၊ အင်းငယ်၊ ထယ်သွန်း၊ သစ်အယ်ပင် ကျေးရွာအုပ်စုများနှင့် ရွာချင်းဆက် ကတ္တရာလမ်း (၂၈)မိုင်ခန့် ရှိပါတယ်။ ဒါ့အပြင် မြေသားလမ်းများ၊ ကျောက်ချောလမ်းများ၊ ရွာချင်းဆက်မြေသားလမ်းလည်း ရှိပါတယ်။ မိုင်းလီ ကျေးရွာအုပ်စုသည် ရပ်စောက်မြို့နယ်၊ ပင်ဖြစ်ကျေးရွာသို့ သွားလာနိုင်သော ရွာချင်းဆက်လမ်း များလည်း ရှိပါတယ်။ ၂၀၁၉- ၂၀၂၀ ခုနှစ် ပြည်နယ်ရန်ပုံငွေမှ အင်းငယ် ကျေးရွာအုပ်စုအတွင်း ကုန်ထုတ်လမ်းများစတင် အကောင်အထည်ဖော်လျက်ရှိ နေပါတယ်။

မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာမှာ အေးမြို့တော်ယာဉ်ငယ်အသင်းမှ မိုင်းအင်-ဘော်ဆိုင်း- ဟဲဟိုး- တောင်ကြီးလိုင်းအား နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။ ရပ်စောက်- မိုင်းအင်-ပင်းတယ- ရန်ကုန် ပြေးဆွဲသည့် လုံမ္ဗိနီကားလိုင်းများလည်း မိုင်းအင်တွင် ဂိတ်ခွဲဖွင့်လှစ် ထားရှိပါတယ်။ ထို့အတူ ရပ်စောက်- မိုင်းအင်- ပင်းတယ- အောင်ပန်း ပြေးဆွဲသည့် ဇာတိမာန်၊ နဂါးညီနောင်ယာဉ်ငယ်လိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။

TV ထပ်ဆင့်လွှင့်ရုံနှင့် မိုဘိုင်းဖုန်းလိုင်း၊ မိုင်းလီကျေးရွာအုပ်စုမှာ မိုင်းအင်ကျေးရွာတွင် MRTV ထပ်ဆင့်လွှင့်ရုံနှင့် မိုဘိုင်းဖုန်းလိုင်းများလည်း ရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မြို့အဖြစ်သတ်မှတ်ပါက တိုင်းပြည်အတွက် ဘဏ္ဍာငွေ/ အခွန်ငွေများလည်း ရရှိလာမည် ဖြစ်ပါတယ်။

မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာရှိ လက်ရှိသင်္ချိုင်းမြေမှာ (၅)ကေကျော်ခန့်ရှိ၍ မိုင်းအင်ကျေးရွာအတွက် မြို့အဖြစ်သတ်မှတ်ပါက မြေလုံလောက်စွာ ရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စုတွင် မိုင်းအင်ရွာအပါအဝင် (၁၁)ရွာတွင် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း(၁) ကျောင်းစီတည်ရှိပြီး၊ ကြံခင်းကျေးရွာ၊ နောင်ရဲကျေးရွာ၊ ကျောက်တောကျေးရွာ

(၃)ရွာမှာ (၁)ကျောင်း၊ ရဲတိကျေးရွာနှင့် မကျီးကုန်းကျေးရွာမှာ ဘုန်းကြီးကျောင်း (၁)ကျောင်း ရှိပါတယ်။

မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာမှာ အခြေခံပညာအထက်တန်း ကျောင်း (၁)ကျောင်း၊ အ.ထ.က(ခွဲ)(၁) ကျောင်းရှိပြီး ကျောင်းသား/ ကျောင်းသူ ဦးရေ တစ်ထောင်ကျော်ခန့် ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာ မေးပွဲဖြေဆိုသည့် စာဖြေဌာနအဖြစ်လည်း ရရှိပြီး ဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုတွင် အ.လ.က(ခွဲ)၊ အ.မ.က (မူလွန်)၊ မိုင်းလီကျေးရွာအုပ်စု၊ အ.မ.က ကျောင်းများလည်းရှိပါတယ်။ အင်းငယ်ကျေးရွာ အုပ်စုတွင် အ.ထ.က(ခွဲ) (၂)ကျောင်း၊ အ.မ.က ကျောင်းများလည်းရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားအစိုးရရုံးများ ဆောက်လုပ်ရန်အတွက် မြေနေရာများ များစွာရှိပါတယ်။ ၂၀.၆.၂၀၂၀ ရက်နေ့က ပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဦးကိုကိုအောင်၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့နှင့်အတူ ကျွန်တော်တို့လည်း ကွင်းဆင်း လေ့လာခဲ့ပါတယ်။

အထက်ဖော်ပြပါ အထောက်အထားများအရ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီ ကျေးရွာအုပ်စုပေါင်း၍ မိုင်းလီကျေးရွာအုပ်စု- မိုင်းအင်ကျေးရွာအား မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုအား တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက် ဖြစ်ပါတယ်။ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ခနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီ ကျေးရွာအုပ်စုတို့ အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့် သတ်မှတ် ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို အလေးအနက် ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဦးညီညီ (ခ) ဦးညီလေးချမ်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးညီညီ(ခ) ဦးညီလေးချမ်းက တင်သွင်းတဲ့ အဆိုကို ၂၀၂၀ ပြည့်နှစ်၊ ဇွန် လ ၂၃ ရက် (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၃.၆.၂၀၂၀)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** အခု အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့ အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်**

**ပေးရန် တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။ ဒါကြောင့် လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခွန်ဒီဂေါလ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ပြုလုပ်ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာပါသော လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ တင်ပြဆွေးနွေးမှာက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာအုပ်စုမှ မိုင်းအင်ကျေးရွာအား မိုင်းအင်မြို့အဖြစ် တိုးမြှင့် သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မိုင်းလီကျေးရွာအုပ်စုတွင် မိုင်းအင်ကျေးရွာအပါအဝင် ရွာပေါင်း(၁၆)ရွာ ရှိပြီး လူဦးရေအားဖြင့် ၆၀၀၀ ခန့်ရှိပါတယ်။ အင်းငယ်ကျေးရွာအုပ်စုတွင် အင်းငယ်ကျေးရွာ အပါအဝင် ရွာပေါင်း (၇)ရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၃၀၀၀ ကျော်ခန့် နေထိုင်ပါတယ်။ ဒါကြောင့် ကျေးရွာအုပ်စုနှစ်ခုပေါင်းရဲ့ လူဦးရေဟာ ၉၀၀၀ ကျော်ခန့်ရှိတဲ့အတွက် မြို့အဖြစ် သတ်မှတ်နိုင်တဲ့ အရေအတွက် ဖြစ်ပါတယ်။ ဒါ့အပြင် မိုင်းအင်ကျေးရွာဟာ ပင်းတယမြို့၏ မြောက်ဘက် ၁၀ မိုင်၊ ရပ်စောက်မြို့မှ ၂၂ မိုင်အကွာမှာရှိပြီး ပင်းတယ- ရပ်စောက်- ပြည်နယ် လမ်းမကြီးပေါ်မှာ တည်ရှိတာ ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာတွင် နေထိုင်ကြတဲ့ တိုင်းရင်းသား များမှာ ဓနု၊ ပအိုဝ်း၊ အင်းသား၊ ဗမာ၊ ဂေါ်ရခါး လူမျိုးများဖြစ်ကြပြီး အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများ ဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုတွင် လယ်စပါးစိုက် ဧကမှာ ၃၀၀၀ ခန့်ရှိပြီး စပါးတင်းပေါင်း ၂၆၀၀၀ ခန့်ထွက်ရှိပြီး ပြောင်းဖူး၊ အစေ့ထုတ်ပြောင်း၊ ဆီထွက် နေကြာ၊ ပန်းနှမ်း၊ မြေပဲ စသည်တို့ကို စိုက်ပျိုးကြပါတယ်။ ဒီအတွက် စပါးဟာ တစ်မြို့နယ်လုံးကို အကျိုးပြုလျက်ရှိပါတယ်။ အဆိုပါ (၂)ရွာမှ ထွက်ရှိတဲ့စပါးဟာ

ပင်းတယမြို့နယ် ဒေသခံပြည်သူများရဲ့ ရိက္ခာကိုများစွာ အထောက်အကူပြုလျက်ရှိတဲ့အတွက် မြို့အဖြစ် သတ်မှတ်ပေးပါရန် တင်ပြ ဆွေးနွေးအပ် ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းအင်ကို မြို့အဖြစ် သတ်မှတ်ဖို့ဆိုရင် ရွာတွင် လျှပ်စစ်မီးများရှိနေပြီးဖြစ်တဲ့အပြင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ အရံမီးသတ်ဦးစီးဌာနလည်း ရှိပြီးဖြစ်ပါတယ်။ ဒါ့ပြင် မိုင်းအင် အ.ထ.က ကျောင်း၊ TV ထပ်ဆင့်လွှင့်ရုံနှင့် မိုဘိုင်းဖုန်း တာဝါတိုင်လည်း ရှိပါတယ်။ ဆက်လက်ပြီး တင်ပြရရင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး ဖွင့်လှစ်မည့် မြေနေရာ၊ ရဲစခန်းနှင့် အားကစားကွင်းအတွက် မြေနေရာများ အသီးသီး သတ်မှတ်ထားပြီးဖြစ်ပါတယ်။

မိုင်းအင်ကျေးရွာတွင် ငါးရက်တစ်ဈေး မိုင်းအင်ဈေး ရှိပါတယ်။ ဈေး၏အကျယ်မှာ (၁)ကေခွဲခန့်ရှိပြီး ဈေးဆိုင်ခန်းပေါင်း ၆၀ ခန့်ရှိသကဲ့သို့ ဈေးအနီးပတ်ဝန်းကျင်တွင် ဆန်စက်၊ ဆီစက်များရှိပြီး စီးပွားရေးအရ အချက်အချာကျသဖြင့် ကျေးရွာအဆင့်မှ မြို့အဖြစ် သတ်မှတ်ပေးပါက ပိုမိုစည်ကားလာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းအင်ကျေးရွာနှင့် မနီးမဝေးမှာ နွေ၊ မိုး၊ ဆောင်း အမြဲစီးဆင်းနေသော ဇော်ဂျီမြစ်ချောင်းရှိတဲ့အတွက် မြို့အဖြစ် ဖြစ်တည်လာပါက သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် ပူပန်စရာမလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဇော်ဂျီမြစ်ချောင်းအပြင် မိုင်းအင်လက်ရိုက်ဆည်၊ အိုးကုန်းလက်ရိုက်ဆည်မှလည်း စိုက်ပျိုးရေးအပြင် အများပြည်သူ သောက်သုံးရန်အတွက် ရေလုံလောက်စွာ ရနိုင်တဲ့အတွက် မြို့အဖြစ် သတ်မှတ်နိုင်တဲ့ အရည်အချင်း ဖြစ်ပါတယ်။

ထို့အတူ အင်းငယ်ကျေးရွာအုပ်စုတွင် နွေ၊ မိုး၊ ဆောင်း စီးဆင်းနေတဲ့ ကုဘ်ကြီး ရေထွက်ရှိပါတယ်။ အဲဒီရေကနေပြီးတော့ လယ် သီးနှံစိုက်ပျိုးရေးအတွက် အသုံးပြုနိုင်သလို သောက်သုံးရေအဖြစ်လည်း အသုံးပြုနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် မိုင်းလီကျေးရွာအုပ်စုနှင့် အင်းငယ်ကျေးရွာအုပ်စု နှစ်ခုပေါင်းပြီး မိုင်းအင်ရွာမှ မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ် သင့်ပါတယ်။

မိုင်းအင်ရွာမှာ ပင်းတယ- ရပ်စောက်- ပြည်နယ်လမ်းမကြီး၏ ဝဲယာတွင် ရှိသကဲ့သို့ ရွာချင်းဆက်ကားလမ်းများအပြင် ကျေးရွာကုန်ထုတ်လမ်းများ၊ ရွာရှောင်လမ်းများလည်း ရှိတဲ့အတွက် မြို့အင်္ဂါရပ်နှင့် ကိုက်ညီသည်ဟု ယူဆရမှာဖြစ်ပါတယ်။ ဒါ့အပြင် နေ့စဉ် ပြေးဆွဲ

နေသော အေးမြို့တော်ယာဉ်ငယ်အသင်းမှလည်း မိုင်းအင်- ဘော်ဆိုင်း- ဟဲဟိုး- တောင်ကြီး ယာဉ်လိုင်း အပြင် ရပ်စောက်- မိုင်းအင်- ပင်းတယ- ရန်ကုန် ပြေးဆွဲသည့် လုမ္ဗိနီကားလိုင်းဂိတ် ဖွင့်လှစ်ထားရှိတဲ့အတွက် မြို့အင်္ဂါရပ်နှင့်ညီညွတ်နေပါသဖြင့် ရွာမှ မြို့အဖြစ်သို့ သတ်မှတ်ပေးရန် နိဂုံးချုပ်အားဖြင့် တင်ပြထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာပါသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်းမှတင်သွင်းသည့် **“ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ် ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ရပ်ကွက်/ ကျေးရွာအုပ်စု၊ ကျေးရွာများအား မြို့အဆင့်သို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရာတွင် အောက်ပါအတိုင်း သတ်မှတ်ထားသည့် မြို့အင်္ဂါရပ်(၂၁)ချက်နှင့် ညီညွတ်ရမှာ ဖြစ်ပါတယ်-

ကန့်သတ်



(၁) လူဦးရေအနည်းဆုံး(၅၀၀၀) ဦး၊ အိမ်ခြေအနည်းဆုံး (၁၀၀၀)စု၊

(၂) ဈေး (၂.၁၆၆)ဧက၊

(၃) ဘောလုံးကွင်း(၃.၇၁၉)ဧက၊

(၄) ကလေးများအပန်းဖြေရန် ဥယျာဉ်/ ကစားကွင်း (၁.၄၉၉)ဧက၊

(၅) ၁၆ ခုတင်ဆံ့ ဆေးရုံ၊

(၆) ဘာသာရေးဆိုင်ရာ နေရာများ၊

(၇) ကုန်ထုတ်လုပ်မှုဆိုင်ရာ မြေနေရာများ (စက်ရုံ၊ အလုပ်ရုံ၊ ဆန်စက်၊ သစ်ခွဲစက်) စသည့် အချက်များ ဖြစ်ပါတယ်။

(၈) ကျေးရွာဘုံမြေ/ ကျေးရွာထင်းစိုက်ခင်း၊

(၉) အုပ်ချုပ်ရေးရုံးနှင့် စာကြည့်တိုက်၊

(၁၀) အခြေခံပညာ မူ/ လယ်/ ထက် ကျောင်း၊

(၁၁) လျှပ်စစ်မီးရရှိမှု၊

(၁၂) ဆက်သွယ်ရေး၊ အိတ်ချိန်းရုံး/ စာတိုက်၊

(၁၃) လမ်းဦးစီး/ စည်ပင်ကော်မတီလမ်း၊

(၁၄) သောက်သုံးရေ ဖြန့်ဝေမှု၊

(၁၅) တိုးတက်လာမည့် လူဦးရေအတွက် မြို့တိုးချဲ့ရေးအစီအမံ၊

(၁၆) ကုန်စည်ဒိုင်/ လက်ကားဒိုင်/ စီးပွားရေးလုပ်ကိုင်မှု အခွင့်အလမ်းများနှင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းအခြေအနေ၊

(၁၇) ဘူတာရုံ/ သင်္ဘောဆိပ်/ ကားဂိတ် စနစ်တကျနေရာချထားမှု၊

(၁၈) တိရစ္ဆာန်များထိန်းကျောင်းမှုအခြေအနေ၊

(၁၉) အမှိုက်သရိုက်စွန့်ပစ်ရန်မြေနေရာ (၅.၀၀)ဧက၊

(၂၀) မိလ္လာစွန့်ရန်မြေနေရာ (၅.၀၀)ဧက၊

(၂၁) သင်္ချိုင်းပြုလုပ်ရန် မြေနေရာ (၅.၀၀)ဧကများ ပြည့်စုံရမှာ ဖြစ်ပါတယ်။

ကန့်သတ်

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ဟာ ရပ်ကွက်(၁၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၇)အုပ်စုဖြင့် ဖွဲ့စည်းထားသော မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုအတွင်းပါဝင်သော မိုင်းအင်ကျေးရွာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ အမည်ပေါက်စာရင်းစာအုပ်တွင် မိုင်းအင်(ခနု)၊ မိုင်းအင်(နီပေါလ်) အမည်ဖြင့် သတ်မှတ်ထားသော ကျေးရွာများဖြစ်ပြီး၊ အဆိုပါ ကျေးရွာများမှာ ရပ်စောက် - ပင်းတယ သွားကားလမ်းမပေါ်တွင် ရွာတန်းရှည်ပုံစံဖြင့် တည်ရှိသော ကျေးရွာများဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုရှိ မိုင်းအင်ကျေးရွာသည် လက်ရှိအချိန်ထိ အိမ်ခြေ(၃၅၀)၊ အိမ်ထောင်စု(၃၄၀)၊ လူဦးရေ(၁၅၄၂)ဦးမီတင်း နေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ မိုင်းလီကျေးရွာအုပ်စုအတွင်း ပါဝင်သော ကျေးရွာ အရေအတွက်မှာ မြေပြင်စာရင်း(၁၆)ရွာဖြစ်ပြီး၊ လက်ရှိအချိန်ထိ အိမ်ခြေ(၁၄၅၈)အိမ်၊ အိမ်ထောင်စု(၁၄၅၈)စု၊ လူဦးရေ(၆၄၂၁)ဦးနေထိုင်လျက်ရှိပါတယ်။ မိုင်းအင်ကျေးရွာနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အင်းငယ်ကျေးရွာအုပ်စုဟာ မြေပြင်စာရင်းအရ ကျေးရွာ(၄)ရွာ၊ အိမ်ခြေ (၈၇၉)အိမ်၊ အိမ်ထောင်စု (၈၇၉)စု၊ လူဦးရေ (၃၆၆၀)ဦး နေထိုင်လျက်ရှိပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်းမှ တင်သွင်းသော **“အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အားပေါင်း၍ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း”** အဆိုနှင့် ပတ်သက်ပြီးတော့ (၂၀-၆-၂၀၂၀) ရက်နေ့ (၁၀၀၀)နာရီချိန်မှာ ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ပင်းတယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မိုင်းလီကျေးရွာအုပ်စုရှိ ကျေးရွာတာဝန်ခံ (၁၆)ဦး၊ အင်းငယ်ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံတို့ ညှိနှိုင်းဆွေးနွေးခဲ့ရာ မိုင်းလီ ကျေးရွာအုပ်စုရှိ (၁၆)ရွာအနက်မှ မိုင်းအင်ကျေးရွာနှင့် အိုးကုန်းကျေးရွာ (၂)ရွာသာ မိုင်းအင်မြို့ အဖြစ် ဖွဲ့စည်းခြင်းအပေါ် သဘောတူလက်ခံနိုင်ပြီး၊ ကျန်(၁၄)ရွာမှာ မြို့အဖြစ် ဆောင်ရွက်လိုခြင်း မရှိကြောင်းနှင့် အင်းငယ်ကျေးရွာအုပ်စုရှိ ကျေးရွာများမှာ မြို့အဖြစ် ဆောင်ရွက်လိုခြင်း မရှိကြောင်း ဆွေးနွေးကြပါတယ်။

ဒါ့အပြင် မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာနှင့် အင်းငယ်ကျေးရွာအုပ်စုရှိ ကျေးရွာများအား ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ မိုင်းအင်ကျေးရွာနှင့် အင်းငယ်ကျေးရွာအုပ်စုရှိ ရွာများ၏ အကွာအဝေးမှာ အနီးဆုံးကျေးရွာနှင့် (၂)မိုင်ခန့်ကွာဝေးပြီး၊ အဝေးဆုံးကျေးရွာနှင့် (၄)မိုင်ခန့် ကွာဝေးကြောင်း တွေ့ရှိရသည့်အပြင် ကျေးရွာများမှာလည်း မြေပြင်တွင် တစ်ဆက်တစ်စပ် တည်းတည်ရှိမှုမရှိကြောင်း စိစစ်တွေ့ရှိရသောကြောင့် မြို့အဖြစ် ဖွဲ့စည်းမည်ဆိုပါက အုပ်ချုပ်မှု ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် မိုင်းလီကျေးရွာ အုပ်စု၊ မိုင်းအင်ကျေးရွာနှင့် အင်းငယ်ကျေးရွာအုပ်စုရှိ ကျေးရွာများ၏ ရွာတွင်းလမ်းများ မှာလည်း မြို့ဖွဲ့စည်းမည်ဆိုပါက မြို့တွင်းလမ်းအဖြစ် သတ်မှတ်ထားရှိသော လမ်းအကျယ် ပေများ ပြည့်မီမှု မရှိခြင်းကြောင့် မီးဘေးအန္တရာယ် ကျရောက်လာချိန်တွင် အဝင်/ အထွက် လမ်းများ ကျဉ်းမြောင်းလွန်းခြင်း၊ တိုးချဲ့ဖောက်လုပ်မည်ဆိုပါကလည်း လမ်းဘေးဝဲ/ ယာရှိ အိမ်/ ခြံများအား ထိခိုက်မှုများရှိလာနိုင်သဖြင့် ဒေသခံများမှ ကန့်ကွက်မှုများ ဖြစ်ပေါ်နိုင်ခြင်း နှင့် စျေးမြေဧရိယာ မှာလည်း မြို့အင်္ဂါရပ်နှင့်အညီ သတ်မှတ်ဧရိယာ ပြည့်မီလုံလောက်မှု မရှိကြောင်း စစ်ဆေး တွေ့ရှိရပါတယ်။

ဒါ့အပြင် မြို့အဖြစ်ဖွဲ့စည်းပါက ဌာနဆိုင်ရာအဆောက်အဦများ ဆောက်လုပ်ရန် မြေနေရာလိုအပ်ခြင်းကြောင့် မြေနေရာများ သိမ်းဆည်းရမည်ဖြစ်၍ သိမ်းဆည်းခံ ဒေသခံ တောင်သူများ၏ သဘောထားများရယူရာတွင် ကန့်ကွက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းနှင့် မြေယာ လျော်ကြေးများ၊ နစ်နာကြေးများ ပေးလျော်ရမည်ဖြစ်သဖြင့် နိုင်ငံတော်မှဘဏ္ဍာ ရန်ပုံငွေများ များစွာလိုအပ်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူအများစုမှာလည်း မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်း လိုသည့် ဆန္ဒမရှိခြင်းကြောင့် မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာအား မိုင်းအင်မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းပေးရန် မသင့်သေးပါကြောင်းနှင့် ရပ်ကွက်ကျေးရွာအုပ်စု၊ ကျေးရွာများကို မြို့အဖြစ်သို့ တိုးချဲ့ဖွဲ့စည်းရာမှာ သတ်မှတ်ထားတဲ့ အချက်အလက်များနှင့် ပြည့်စုံမှုရှိမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်အဆိုပြုလာတဲ့ အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ပြန်လည် ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ၎င်းအဆိုကို မှတ်တမ်းအဖြစ်ထားသင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။

ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ(စ)နဲ့ (ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင် ပါတယ်။

**ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။

**ဥက္ကဋ္ဌ။** လွှတ်တော်ရဲ့ ဆန္ဒခံယူမယ်နော် ဟုတ်လား။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က ၎င်းအဆိုကို အတည်ပြုပေးရန် လွှတ်တော်ရဲ့ ဆန္ဒခံယူလိုပါကြောင်း တင်ပြလာပါသဖြင့် ယခုအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁၊ နည်းဥပဒေခွဲ (ထ)၊ နည်းဥပဒေခွဲငယ်(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဆိုကို အတည်ပြုရန် သဘောတူသည့် ကိုယ်စားလှယ်ဦးရေ သည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက် ထက်များပါက အဆိုသည် အတည်ဖြစ်မှာ ဖြစ်ပြီး၊ အဆိုကို အတည်ပြုရန် သဘောတူသည့် ကိုယ်စားလှယ် ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက် ထက်နည်းပါက အဆိုအား ပြည်နယ်အဖွဲ့အစည်းဝင်က ဆွေးနွေးသည့်အတိုင်း မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ ကျွန်တော်ပြောတာ ရှင်းပါတယ်နော်။ ယခု အဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန် ဖြစ်ပါတယ်။

မတ်တပ်ရပ်၍ ဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၁၈)ဦးဖြစ်ပါတယ်။ တစ်ဝက်မကျော်ပါဘူး။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုအား အတည်ပြုရန်သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်နည်းတဲ့အတွက် အဆိုအား မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။